# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 16 , 2022 | Volume 60, Number 11


၁၆.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၈၀၀၀၀ |
| ဒေါ်လာဈေး | = ၂၉၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၉၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၆.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၈၀၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## သကြားလက်ကျန်များပြားနေသည့်အတွက် သကြားဈေးနှုန်းငြိမ်နေသော်လည်း ကြံ့ရာသီစတင်ချိန်တွင် ဈေးနှုန်းကျဆင်းနိုင်

ပြည်တွင်း၌ သကြားလက်ကျန် များပြားနေသည့်အတွက် လက်ရှိတွင် သကြားဈေးနှုန်း ငြိမ်နေသော်လည်းကြံ့ရာသီစတင်ချိန်တွင် ဈေးနှုန်းကျဆင်းနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံ့ထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေး၏ ပြောကြားချက်အရ သိရသည်။

လတ်တလောတွင် သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ မှ ၂၄၅၀ အထိ ဈေးနှုန်းရှိပြီး ကြံ့ကြိတ်ခွဲရာသီမှာ ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်တော့မည်ဖြစ်သည်။ “ကြံ့ရာသီစပြီး သကြားအသစ် ထွက်လာပြီဆိုရင်တော့ ပြည်တွင်းမှာ သကြားဈေးက အကျဘက်ကိုပဲ သွားနေမှာပါ။ ပြည်တွင်းမှာ လက်ကျန်တွေလည်း ရှိနေတော့ သကြားဈေးက တက်စရာမရှိပါဘူး။ လက်ရှိမှာတော့ သကြားဈေးငြိမ်နေတယ်။ များများထွက်တဲ့ အချိန်ဆိုရင် ဈေးကျနိုင်ပါတယ်” ဟု ဦးဝင်းငွေးက ပြောသည်။

လတ်တလောတွင် ပြည်တွင်း၌ သကြားလက်ကျန် တန်ချိန်တစ်သိန်းခန့်ရှိပြီး ယခုနှစ်တွင် ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် ပြည်တွင်းသကြားဈေးနှုန်းပါ လိုက်ပါမြင့်တက်ခဲ့၍ ကြံ့စိုက်ပျိုးသူများ အဆင်ပြေခဲ့ကြောင်း သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် သကြားကို ဗီယက်နမ်နိုင်ငံသို့ သကြားဖြူအဖြစ် အဓိကတင်ပို့ပြီး လာမည့်ကြံ့ကြိတ်ခွဲရာသီတွင် ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံသို့ ကြံ့အချောင်းအတိုင်း တင်ပို့လေ့ရှိပြီး ယခုနှစ်တွင် သကြားအဖြစ်တင်ပို့ရန်ကမ်းလှမ်းမှုများလည်းရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/32850

## ဂျာမန်ချစ်ပ်(Chip)ကုမ္ပဏီကို တရုတ်နိုင်ငံကုမ္ပဏီသို့ ရောင်းချမည့်အစီအစဉ်ကို ရပ်ဆိုင်းခြင်း

ဂျာမန်ဖက်ဒရယ်စီးပွားရေးဝန်ကြီး Mr.Robert Habeck က ဂျာမနီနိုင်ငံ Dortmund မြို့တွင် အခြေစိုက်သော မိုင်ခရိုချစ်ပ်(Microchip) စက်ရုံ Elmos ကို တရုတ်နိုင်ငံ ကုမ္ပဏီတစ်ခုဖြစ်သော Silex ကုမ္ပဏီသို့ ရောင်းချရန်အစီအစဉ်ကို ကန့်ကွက်သည့်တင်ပြစာအား ၈.၁၁.၂၀၂၂ ရက်နေ့က အစိုးရအဖွဲ့သို့တင်ပြခဲ့ပါ သည်။ Silex ကုမ္ပဏီသည် Elmos ကုမ္ပဏီကို ယူရို(၈၅)ဘီလီယံဖြင့်ဝယ်ယူရန် ကမ်းလှမ်းနေခြင်းဖြစ်ပြီး Elmos ကုမ္ပဏီ၏ထုတ်လုပ်မှုများကိုရပ်တန့်ပြီး Silex ကုမ္ပဏီမှ


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ထုတ်လုပ်သည့်ချစ်ပ်များကိုရောင်းချရန် စီစဉ်ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ချစ်ပ်ကုမ္ပဏီ ရယူပိုင်ဆိုင်ခြင်းသည် အမှာစာများအပေါ် လွှမ်းမိုးချုပ်ကိုင်မှုနှင့် အမျိုးသားလုံခြုံရေးအရ ခြိမ်းခြောက်မှုများရှိလာနိုင်၍ ဖြစ်ကြောင်း၊ ဖက်ဒရယ်အစိုးရအဖွဲ့အနေဖြင့် တားမြစ်ကာကွယ်စေလိုကြောင်း ပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံ၏ Domestic intelligence agency ကလည်း ဝေဖန်မှုများပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးဝန်ကြီး Mr.Robert Habeck သည် Green ပါတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ဂျာမနီနိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းများအပေါ် တရုတ်နိုင်ငံက ထိန်းချုပ်လုပ်ကိုင်လာမည်ကို စိုးရိမ်ကြောင်းပြသနေပါသည်။ Silex ကုမ္ပဏီသည် တရုတ်နိုင်ငံ Sai MicroElectronics ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်ကာ ဆွီဒင်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဂျာမနီ နိုင်ငံတွင် ဆီမီးကွန်ဒတ်တာ (semiconductor)နှင့် ချစ်ပ်များသည် ကားထုတ်လုပ်သူများအတွက် အရေးပါသော ထုတ်ကုန်များဖြစ်ပြီး လွန်ခဲ့သည့် နှစ်များအတွင်းက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုများနှင့် supply chain ပိုင်း အခက်အခဲများ ကြုံတွေ့ခဲ့ရမှုများကြောင့် ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ နည်းပညာကုမ္ပဏီများသည် ၎င်းတို့၏ နည်းပညာများကို နိုင်ငံပိုင်နည်းပညာအနေဖြင့် တင်ပြဆောင်ရွက်ထားခြင်း မရှိကြောင်း သိရှိရပါသည်။

ဂျာမန်ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှုများ တိုးမြင့်လာနေပြီး အောက်တိုဘာလကုန်ပိုင်းတွင် ဟမ်းဘတ်ဆိပ်ကမ်းကွန်တိန်နာစခန်း အစိတ်အပိုင်းတစ်ခုကို တရုတ်နိုင်ငံ Cosco ကုမ္ပဏီသို့ရောင်းချရန် ဆုံးဖြတ်မှုအပေါ် ဖက်ဒရယ်အစိုးရဝန်ကြီးဌာနများနှင့် မိတ်ဘက်ပါတီများက ပြင်းထန်စွာ ကန့်ကွက်မှုများရှိခဲ့ကာ ဂျာမနီနိုင်ငံက တရုတ်နိုင်ငံ အပေါ် မှီခိုမှုရှိလာမည်ကို စိုးရိမ်မှုအပေါ် သဘောထားကွဲလွဲမှုများ စတင်ဖြစ်ပေါ်လာခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံပူးပေါင်းမှုများ တိုးမြှင့်လာခြင်းအတွက် ဝေဖန်တိုက်ခိုက်မှုများ မြင့်တက်လာနေခြင်းဖြစ်ကြောင်း၊ ဂျာမနီ နိုင်ငံသမ္မတ Mr.Frank-Walter Steinmeier ကလည်း ဂျာမနီနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ယခင်ကဆက်ဆံမှုများနီးကပ်စွာ ပြုလုပ်ခဲ့ခြင်းများအတွက် ယခုအချိန်တွင် တွေ့ကြုံနေရသည်များကို သင်ခန်းစာယူ၍ ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ် ကြောင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျာမန်အစိုးရအဖွဲ့ အစည်းအဝေးက ၉.၁၁.၂၀၂၂ ရက်နေ့တွင် ဂျာမန် semiconductor ကုမ္ပဏီနှစ်ခုဖြစ်သော Elmos ကုမ္ပဏီနှင့် Bavaria ပြည်နယ်ရှိ ERS Electronic ကုမ္ပဏီတို့ကို တရုတ်နိုင်ငံကုမ္ပဏီများသို့ ရောင်းချခြင်းကို ရပ်ဆိုင်းထားရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ဂျာမန်စီးပွားရေးဝန်ကြီး Mr.Robert Habeck က မိမိတို့အစိုးရအနေဖြင့် အရေးပါသောအခြေခံ အဆောက်အအုံများနှင့် သက်ဆိုင်သည့်ကုမ္ပဏီလုပ်ငန်းများ သို့မဟုတ် အီးယူပြင်ပနိုင်ငံများရှိလုပ်ငန်းများသို့ နည်းပညာ စီးဆင်းခြင်းဖြင့် ထိခိုက်မှုရှိစေနိုင်သောလုပ်ငန်းများ လွှဲပြောင်းလုပ်ကိုင်စေခြင်းကို သတိရှိစွာဖြင့်လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး တရုတ်နိုင်ငံသည်လည်း အဓိကအရေးပါသော ကုန်သွယ်ဖက်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ သို့သော် semiconductor နှင့် microchip ထုတ်လုပ်မှုလုပ်ငန်းများအား လွှဲပြောင်းရယူလုပ်ကိုင်မည့် တရုတ်နိုင်ငံ၏ ဗျူဟာအခင်းအကျင်းသည် ဂျာမနီနိုင်ငံ၏ အကျိုး စီးပွားကို ထိခိုက်လာနိုင်ဘွယ်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရအဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် မိတ်ဘက်ပါတီများနှင့် ဝန်ကြီးဌာနများက ထောက်ခံအားပေးခဲ့ကြပါသည်။

semiconductor များသည် ကွန်ပြူတာချစ်ပ်များနှင့် အီလက်ထရောနစ်စက်ပစ္စည်းများ ထုတ်လုပ်ခြင်းအတွက် အဓိကအစိတ်အပိုင်းများဖြစ်ပြီး ဈေးကွက်တွင် ဦးဆောင်ထုတ်လုပ်နေသူများသည် အာရှဒေသမှဖြစ်လာကြပါသည်။ ယခင်က အမေရိကန်၊ ဥရောပနှင့်ဂျပန်နိုင်ငံတို့က semiconductor နှင့် microchip ထုတ်လုပ်မှု၌ ဈေးကွက်တွင် ဦးဆောင်သူများဖြစ်ကြသော်လည်း ယခုနောက်ပိုင်းတွင် တရုတ်၊ ထိုင်ဝမ်၊ တောင်ကိုးရီးယားနိုင်ငံတို့က ဈေးကွက်နေရာ များစွာ ရယူလာနိုင်ကြကြောင်း သိရှိရပါသည်။

**မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့**

Source:https://www.dw.com/en/german-ministry-seeks-to-block-chinese-chip-factory-takeover/a-63681593

https://www.dw.com/en/germany-halts-chinese-buyouts-of-semiconductor-firms/a-63693350

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1%80%BA%E1%80%81%E1%80%BB%E1%80%85%E1%80%BA%E1%80%95%E1%80%BA(Chip)%E1%80%80

## မတ်ပဲနှင့်ပဲစဉ်းငုံဈေးကျပြီး ပဲတီစိမ်းနှင့်ဘိုကိတ်ပြာဈေးတက်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ အောင်လံကုန်စည်ဒိုင်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ ကထိန်ရာသီတွင် ပဲမျိုးစုံဈေးကွက်အေးနေသော်လည်း ယခုနောက်ပိုင်းတွင် အဝယ်လိုက်လာပြီး ပို့ကုန်ပဲနှင့် ပြည်တွင်းသုံးပဲများ အတက်အကျ မငြိမ်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ တစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက မတ်ပဲနှင့်ပဲစဉ်းငုံ ဈေးများဈေးကျပြီး ပဲတီစိမ်းဈေးနှင့် ဘိုကိတ်ပြာဈေးများမြင့်တက်ကာ ကျန်ပဲများ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။

တစ်ပတ်အတွင်း ကာလတူနှိုင်းယှဉ်ပါက (၈.၁၁.၂၀၂၂)ရက်နေ့နှင့် (၁၅.၁၁.၂၀၂၂)ရက်နေ့အတွင်း မတ်ပဲ(၂၀)ပိဿာ (၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၆၁၀၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၈၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၃၀၀၀)ကျပ်၊ ပဲစဉ်းငုံ(၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၅၈၅၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၈၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၅၀၀)ကျပ်ဈေးကျကာ ပဲတီစိမ်း(၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၄၉၅၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၀၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၅၀၀)ကျပ်၊ ဘိုကိတ်ပြာ (၂၀)ပိဿာ(၁)တင်းလျှင် ယခင်တစ်ပတ်တွင်(၃၉၀၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၄၁၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၂၀၀၀)ကျပ် ဈေးမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## ကြက်သွန်နီ(ဥစိုက်)အသစ်များ ပေါ်ထွက်လာပြီး ကြက်သွန်နီ(အပင်စိုက်)များ လက်ကျန်နည်း

မကွေးတိုင်းဒေသကြီးအတွင်းတွင် ကြက်သွန်နီကို ပခုက္ကူ၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ မင်းဘူးနှင့်ရေဝတီမြစ်ရိုးတလျှောက်တွင် ကြက်သွန်နီ(ဥစိုက်)များစိုက်ပျိုးကာ အောက်တိုဘာလမှစ၍ ဈေးကွက်အတွင်းရောက်ရှိကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။

ကြက်သွန်နီ(ပင်စိုက်) အဟောင်းများ လက်ကျန်နည်းနေပြီး ဈေးကွက်ထဲသို့ အဝင်နည်းနေသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ဈေးနှုန်းအနေဖြင့် ကြက်သွန်နီ(အသစ်)နှင့် (အဟောင်း)ဈေးများ ကွာခြားမှုရှိသော်လည်း အရည်အသွေးကောင်းလျှင် ဈေးကောင်းရနေကာ အသစ်နှင့်အဟောင်းဈေးကွာခြားမှုကတော့ ကျပ်(၁၀၀၀)နီးပါး ကွာခြားနေတာကို တွေ့ရပါတယ်။ အသစ်များကတော့ ယခုလက်ရှိအချိန်တွင် အစိုဓါတ်ရှိနေသေးတဲ့အတွက် လှောင်၍မရသေးဘဲ အဟောင်းများလည်း လက်ကျန်မရှိသလောက် နည်းပါးနေကာ တောင်သူလက်ထဲတွင် မျိုးအတွက်သာချန်ထားပြီး ကုန်သည်လက်ထဲတွင် အနည်းငယ်ကျန်ရှိပြီး အဟောင်းဈေးကောင်းနေတဲ့အတွက် ဈေးကွက်ထဲသို့ တစ်အိတ်စနှစ်အိတ်စသာ လာရောက်ရောင်းချနေကြတာကို တွေ့ရပါတယ်။

ကြက်သွန်နီ(အဟောင်း)ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်တွင် တစ်ပိဿာလျှင် ကျပ် (၃၁၅၀)မှ ကျပ်(၃၉၀၀)ဈေးအထိရရှိပြီး ဈေးကွက်ထဲသို့ ပိဿာ(၁၇၀၀၀) ဝင်ရောက်ကာ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကျပ်(၃၁၅၀)မှ ကျပ်(၃၇၅၀)ဈေးအထိရရှိပြီး ပိဿာ (၃၃၈၀၀)ဝင်ရောက် အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ကြက်သွန်နီ(အသစ်) ဈေးနှုန်းအနေဖြင့် ယခုတစ်ပတ်အတွင်း တစ်ပိဿာလျှင် ပခုက္ကူကုန်စည်ဒိုင်တွင် ကျပ်(၉၀၀)မှ ကျပ်(၃၀၀၀)ဈေးအထိ အရည်အသွေးအလိုက်ဈေးရရှိပြီး ဈေးကွက်ထဲသို့ ပိဿာ(၅၂၅၀၀) ဝင်ရောက်၍ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီအသစ်များ ဝင်ရောက်မှုမရှိသေးပါကြောင်း သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## ပြည်တွင်း၌ ဝဥပေါ်ချိန် ဈေးကွက်မကောင်းဟုဆို

ပြည်တွင်း၌ ဝဥပေါ်ချိန် ဈေးကွက်မကောင်းသေးကြောင်း ဝဥစိုက်တောင်သူများထံမှသိရသည်။ ဝဥကို ချင်းပြည်နယ်ဘက်တွင် အဓိကစိုက်ပျိုးကြပြီး ရာသီဥတုအခြေအနေများ၊ နိုင်ငံရေးအခြေအနေများကြောင့် အခင်းများပျက်စီးခြင်း၊ စိုက်ကေများကို စွန့်ပစ်ခဲ့ရခြင်းများကြောင့် ထုတ်လုပ်မှုနည်းကာ ဆုံးရှုံးမှုတွေရှိခဲ့ပြီး လက်ရှိတရုတ်ဘက်မှလည်း ဝယ်ယူမှုမရှိသလောက် ဖြစ်နေကြောင်းလည်း သိရသည်။




လက်ရှိ ဝဥပေါက်ဈေးမှာ ဒေသတစ်ခုနှင့်တစ်ခု ဈေးနှုန်းကွာဟမှုများရှိနေပြီး အစိ တစ်ပိဿာ ၈၀၀ ကျပ် မှ ၁၂၀၀ အထိသာ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။ ထို့အပြင် အခြောက်တစ်ပိဿာလျှင် ၅၀၀၀ မှ ၇၀၀၀ အထိ ပေါက်ဈေးရှိပြီး နေရာဒေသအလျောက် ဈေးကွာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း အရောင်းအဝယ်ဖြစ်နေသော ဝဥအမျိုးအစားများမှာ သုံးမျိုးရှိပြီး ပန်းရောင်၊ အဝါရောင်၊ အဖြူရောင်တို့ဖြင့် အရောင်းဝယ်ပြုလုပ်ကြကြောင်း သိရသည်။ ထို့ကြောင့် ပွဲရုံအချို့မှ ဝယ်ယူမှုရှိနေသော်လည်း တချို့တောင်သူများမှာ တူးဖော်မရောင်းကြကြောင်း သိရသည်။ "ဝဥက ဈေးမရတော့ တူးဖော်ဖို့ကို စဉ်းစားနေရတယ်။ မဖော်ပဲထားလေ အရည်သွေးကကောင်းလေ ဆိုတော့ မတူးပဲထားဖို့ စဉ်းစားထားတယ်၊ နောက်ပြီး အခြောက်လှန်းပြီးမှ ထုတ်ရောင်းမယ်။ အခုဈေးကတော့ အဆင်မပြေဘူး၊ ပေါက်ဈေးက အလုပ်သမားစရိတ်နဲ့ ထုတ်လုပ်စရိတ်ပင် မကာမိတော့ တချို့က တူးမရောင်းကြဘူး" ဟု ကရင်ပြည်နယ်မှ ဝဥစိုက်ပျိုးသူ ကိုစောကျော်ကပြောသည်။

လက်ရှိ ချင်းဝဥမျိုးသာ စက်ရုံနှင့်ကုန်သည်များက အဓိကထားဝယ်လေ့ရှိကြောင်းလည်း သိရသည်။ တချို့ ဝဥတမျိုးတည်းသာစိုက်ကာ အသက်မွေးဝမ်းကြောင်းပြုနေသည့်ဒေသများတွင် လမ်းခရီးအခက်ခဲများကြောင့် လာရောက်ဝယ်ယူသည့် ဝယ်လက်များမရှိတော့သောကြောင့် အခက်ခဲများဖြင့် ကြုံတွေ့နေရကြောင်းလည်း သိရသည်။ "အရင်လို ဝယ်လက်တွေ သိပ်မလာဘူး၊ သူတို့ဆီကို သွားရောင်းမှသာ ဝယ်ကြတာ၊ လမ်းခရီး အခက်ခဲတွေကြောင့် ဒီဘက်တွေ မလာကြတော့ဘူး၊ လာဝယ်ရင် ခရီးဝေးလို့ဆိုပြီး ဈေးနှိမ်ကြတယ်။ ဟိုအရင်နှစ်တွေက တစ်ပိဿာကို ၁၂၀၀အထက်မှာရှိခဲ့တာ အခုက ဈေးမရဘူး၊ ဈေးကွက်ပျက်လာတယ်" ဟု ဝဥစိုက်ပျိုးသူတစ်ဦးကဆိုသည်။

လက်ရှိ ဝဥဈေးသိပ်မကောင်းသော်လည်း နောက်ပိုင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးများ တဖြည်းဖြည်း ဖြေလျော့လာနေသည့်အတွက် ဈေးကွက်ပြန်ကောင်းလာနိုင်ကြောင်း တချို့ကုန်သည်များက သုံးသပ်ကြသည်။ ဝဥကို ဝဥခြောက်အနေဖြင့်သာ ပြည်ပသို့တင်ပို့မှုများပြားကြောင်းသိရပြီး ဝယ်ယူသည့်နိုင်ငံမှာလည်း တရုတ်နိုင်ငံမှသာ အများဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဝဥသီးနှံကို ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ချင်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးကာ အခြားဒေသတွင်ထွက်သော ဝဥများထက် အရည်အသွေးအရသာ ပိုမိုကောင်းမွန်ကြောင်းသိရသည်။ မြန်မာနိုင်ငံမှ ဝဥများကို ကုန်ကြမ်းအဆင့်တင်ပို့ကြပြီး တရုတ်၊ ဂျပန်နိုင်ငံတို့မှတဆင့် ဝဥ ဆန်၊ ဝဥခေါက်ဆွဲ၊ ဝဥကြာဇံစသဖြင့် ပြန်လည်တင်သွင်းကြကြောင်းသိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## ယခုနှစ် အောက်တိုဘာလတွင် ကန်ဒေါ်လာ ၅၁ ဒသမ ၁၂၈ သန်းဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၂၇၇၀ တင်သွင်းခဲ့

ယခုနှစ် အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၂၈ သန်းဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၂၇၇၀ တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ယူရီးယားဓာတ်မြေဩဇာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကုန်းတွင်း လုပ်ကွက်များမှထွက်ရှိနေသည့် သဘာဝဓာတ်ငွေ့များကို ကုန်ကြမ်းအဖြစ်အသုံးပြုကာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ကြီးကြပ်မှုအောက်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်)မှ တစ်ရက်လျှင် ဓာတ်မြေဩဇာတန်ချိန် ၃၀၀ စီထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်မြေဩဇာစက်ရုံနှစ်ရုံမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များမှတစ်ဆင့် စိုက်ပျိုးသူတောင်သူများ၏ လက်ဝယ်အရောက်ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက် ရှိသော်လည်း လက်ရှိတွင် မြန်မာနိုင်ငံ၏ အစိုးရကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသဖြင့် ပြည်တွင်း

TIR

လိုအပ်ချက်အရ ဓာတ်မြေသြဇာများကို ပြည်ပမှတင်သွင်းနေရကြောင်း သိရသည်။

ထို့ကြောင့် ဓာတ်မြေသြဇာများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတို့က တင်သွင်းလျက်ရှိရာ ယခုနှစ် အောက်တိုဘာလတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၈၄၇ သန်းဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၇၂၂၇၀ နှင့် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၈၁ သန်းဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၀၅၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၂၈ သန်းဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၈၂၇၇၀ တင်သွင်းခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ဓာတ်မြေသြဇာလိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်မြေသြဇာမှတ်ပုံတင် လျှောက်ထားခြင်း၊ သိုလှောင်ရုံလိုင်စင်လျှောက်ထားခြင်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခြင်းကြောင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် မြေသြဇာမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သိုလှောင်လိုင်စင်ထုတ်ပေးခြင်းနှင့် တင်သွင်းခွင့်ထောက်ခံချက်ပေးခြင်းလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်ပဲကြီးများအရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းရရှိလာ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့်ပဲကြီးများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေကပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်ပဲကြီးများကို ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းပါးခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း ယခုအခါ နှမ်းနှင့်ပဲကြီးများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

“နှမ်းနဲ့ပဲကြီးက အရင်တစ်ပတ်လောက်က အရောင်းအဝယ်သိပ်ပြီးမကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ်ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း နိုဝင်ဘာ ၇ ရက် ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ နှမ်းနက်(စမုံ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့(နိုဝင်ဘာ-၁၄) ရက် ပေါက်ဈေးအရ နှမ်းဖြူသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ နှမ်းနက်(စမုံ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း နိုဝင်ဘာ ၇ ရက်ပေါက်ဈေးမှာ ပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့(နိုဝင်ဘာ-၁၄)ရက် ပေါက်ဈေးအရ ပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) မှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းနှင့်ပြင်ဦးလွင်မှ ထွက်ရှိလာသည့် မုန်ညင်းဖြူများ ဈေးကောင်းရရှိ

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းနှင့် ပြင်ဦးလွင်ဒေသမှ ထွက်ရှိလာသည့် မုန်ညင်းဖြူများဈေးကောင်းရရှိနေကြောင်း၊ အဆိုပါဈေးရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသထွက် မုန်ညင်းဖြူများသည် လက်ရှိတွင် သီရိမာလာကုန်စိမ်းဈေးသို့

တစ်ရက်လျှင် ၁၂ ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုအခါ မုန်ညင်းဖြူဈေးနှုန်းများမှာ အချိန် ၂၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသနဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတာကြောင့် ဈေးနှုန်းတွေက တက်သွားတာပါ။ လက်ရှိမှာ ဒီဈေးကို မုန်ညင်းဖြူကားတွေအနေနဲ့ အောင်ပန်းနဲ့ပြင်ဦးလွင်ကနေပဲ တစ်ရက်ကို ငါးစီး၊ ခြောက်စီး ဝင်ပါတယ်။ ပြင်ဦးလွင်နဲ့ အောင်ပန်းဒေသကထွက်ရှိလာပြီး ဒေသစုံကဝယ်ကြတာများတဲ့အတွက် ဈေးကောင်းနေတာပါ" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာကုန်စိမ်းဈေးတွင် မုန်ညင်းဖြူအပြင် အာလူး၊ သခွား၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုပ်၊ ရွှေပဲသီး၊ ဂေါ်ရခါး၊ ခရမ်းသီး၊ ပန်းမုန်လာတို့လည်း ဈေးကောင်းများဖြင့်ရောင်းချနေရကြောင်း ၎င်းကပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် ကြာဖူးကြာရွက်ရွှေငါးနှစ်ကောင် ပန်းပုရုပ်တုများ ဝင်ရောက်လာ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် ကြာဖူးကြာရွက်ရွှေငါးနှစ်ကောင် ပန်းပုရုပ်တုများ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

အဆိုပါ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် ကြာဖူးကြာရွက်ရွှေငါးနှစ်ကောင် ပန်းပုရုပ်တုများ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလထဲမှာ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်ထဲကို ပန်းပုရုပ်တု ဒီဇိုင်းအသစ်တွေ ဆက်တိုက်ဝင်ရောက်နေပါတယ်။ ဒီလ ပထမပတ်ကစပြီး ပဲခူးဈေးကွက်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ကုက္ကိုအနှစ်သားနဲ့ ထုလုပ်ထားတဲ့ လက်ရာဆန်း ကြာဖူးကြာရွက်နဲ့ ရွှေငါးနှစ်ကောင် ရုပ်တုတွေဖြစ်ပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် (၁၁ x ၁၇) လက်မအရွယ်အစားရှိ ကြာဖူးကြာရွက်နှင့် ရွှေငါးနှစ်ကောင်ရုပ်တုမှာ ဈေးနှုန်းအနေဖြင့် ရွှေငါးကျပ်သားခန့်ဖြစ်ပြီး လက်ရှိတွင် ရုပ်တုအရေအတွက် ၅၀ ခန့် ရောင်းချထားကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၂ ရက် အထိ CMP၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ တင်ပို့မှုများရှိပြီး လယ်ယာထွက်ကုန်ပစ္စည်းများမှ ငရုတ်၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ဂေါ်ဖီထုပ်၊ နနွင်း၊ ကြာပန်းခြောက်၊ ပြောင်းမှုန့်၊ ဆန်ကွဲ၊ ဝဥစို၊ မြေပဲ၊ ရော်ဘာ၊ နှမ်း၊ ကွမ်းသီး၊ ဆီးဖြူသီးခြောက်၊ သံပုရာသီးတို့ကိုလည်း တင်ပို့လျက်ရှိသည်။

ရေထွက်ကုန်ပစ္စည်းများမှ ငါးပါးနီ၊ ငါးမွေထိုး၊ ငါးသလောက်၊ ငါးခွေးလျှာ၊ ငမုတ်၊ ကဏန်း၊ ပုစွန်၊ ငါးပိတို့ တင်ပို့လျက်ရှိသည်။ အများဆုံးပို့ကုန်ပစ္စည်းမှာတော့ CMP၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ငါးပိ၊ ငရုတ်တို့တင်ပို့လျက်ရှိသည်။ CMP တင်ပို့မှုတွင် အမျိုးသား၊ အမျိုးသမီးဝတ် ကုတ်အင်္ကျီ၊ ဂျာကင်အင်္ကျီများ တင်ပို့ခဲ့သည်။ ရေထွက်ပစ္စည်းတင်ပို့မှုသည် မဲဆောက်မှတစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့အထိ အချိန်မီတင်ပို့လျက်ရှိကြောင်း သိရသည်။ ရေထွက်ကုန်ပစ္စည်းများကို

ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်၊ ကုန်သွယ်ရေးဇုန်၊ BCF တံတား-၂ တို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ အမြန်ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုနည်းတူ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ချည်ပိတ်လိပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဖိနပ်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ သစ်သီး၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်း၊ ဖိနပ်အပိုပစ္စည်းများ၊ Gas၊ Lubricant များ၊ အိမ်သုံးပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ စက်ဘီးများ၊ စာရေးကိရိယာများ၊ ကားအပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ Garment၊ ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ ကွေ့ပြားများ အများဆုံးတင်သွင်းခဲ့သည်။

သွင်းကုန်များကို တင်သွင်းသည့်ကုန်သည်များအနေဖြင့် ယခုလဆန်းပိုင်းတွင် ဘတ်စျေးသည် တစ်ဘတ်လျှင် ၆၇ ကျပ်ထိ ရှိခဲ့ပြီး ယခုလကုန်ပိုင်း၌ တစ်ဘတ်လျှင် ၈၀ ဒသမ ၀၀ ကျပ်ခန့်အထိ ဘတ်စျေးပြန်တက်လာသောကြောင့် ဘတ်စျေးအတက်အကျ မတည်ငြိမ်သဖြင့် သွင်းကုန်ပစ္စည်းများကို ချိတ်ဆက်သွင်းနေကြောင်းသိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

## တိုးချဲ့စိုက်ပျိုးသင့်သည့် ဝင်ငွေကောင်းသော နှမ်းသီးနှံ

မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ စစ်ကိုင်းနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှမ်းစိုက်သော ဧရိယာသည် ဆီထွက်သီးနှံအားလုံး စိုက်ဧရိယာ၏ တစ်ဝက် ၅၀ ရာခိုင်နှုန်းကျော်ရှိသည်။ ယခုအခါ ပဲမျိုးစုံသီးနှံများ၏ စျေးကွက်မခိုင်မာမှုကြောင့် အချို့သော ပဲစိုက်ဧရိယာများတွင် နှမ်းသီးနှံကို အစားထိုးတိုးချဲ့စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မိုးစိုက်ဧက ၄၂၉၄၇၂ ဧက၊ ဆောင်းစိုက်ဧက ၅၅၇၉၅၂ ဧကနှင့် နွေစိုက်ဧက ၃၈၀၄၀ စုစုပေါင်း ၁၀၂၅၄၆၄ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အောက်တိုဘာလလယ်အထိ မိုးစိုက်ဧက ၄၃၃၃၂၄ ဧက စိုက်ပျိုးခဲ့ကြောင်းသိရသည်။ ယင်းမာပင်ခရိုင်တို့တွင် အများဆုံးစိုက်ပျိုးပြီး ယခုနှစ်တွင် ချင်းတွင်းမြစ်ရေ ဝင်ရောက်မှုမရှိသည့်အတွက် ချင်းတွင်းမြစ်အရှေ့ဘက်ရှိ ကျေးရွာများတွင် နှမ်းသီးနှံများ ပိုမိုစိုက်ပျိုးလာကြောင်းသိရသည်။

မိုးနှောင်းကောင်းမွန်သောကြောင့် မိုးရေရရှိသဖြင့် ကုန်ကျစရိတ်သက်သာသောကြောင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ ငွေကျပ်သုံးသိန်းခန့်သာ ကုန်ကျကြောင်း၊ ပေါက်စျေးအနေဖြင့် ယခင်နှစ် တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀၊ ယခုနှစ် တစ်တင်းလျှင် ငွေကျပ် ၇၄၀၀၀ ရရှိသဖြင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ငွေကျပ် ၃၄၀၀၀ ပိုမိုရရှိခဲ့ကြောင်း၊ ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀ တင်းထွက်ရှိသဖြင့် ငွေကျပ်ခုနစ်သိန်းခွဲခန့် ဝင်ငွေရရှိပြီး အကျိုးအမြတ် ငွေကျပ်လေးသိန်းခွဲခန့်ရရှိကြောင်း သိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

# STOCK EXCHANGE (16.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Nov. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +100 | +1.10% | 9,100 | 9,200 | 9,100 | 52 | 478,200 | 33,109,694 | 304,609 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,350 | 3,400 | 3,300 | 5,985 | 20,048,350 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 33 | 257,400 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 100 | 270,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 20 | 54,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 100 | 500,000 | 10,497,598 | 52,488 |

## Market Overview

### Main Board

As of 1:00 pm, 16th Nov. 2022

| MYANPIX | 405.49 ▲ 1.02 |
|---|---|
| Total Volume (shares) | 6,290 |
| Total Value (MMK) | 22 mil |
| Listed Company | 7 |
| Market Cap. (MMK) | 705,405 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 100 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |